## January 1

အချင်းလူစုတို့၊ ငါတို့ဘုရားသခင်ကို ကောင်းကြီးပေးကြလော့၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းသော စကားသံနှင့် ကြွေးကြော်ကြလော့၊ ငါတို့အသက်ကို မသေစေမည့်အကြောင်းနှင့် ခြေကိုလည်းမချော်စေမည့်အကြောင်း စောင့်မတော်မူ၏။ (ဆာ၆၆း၈-၉)

ဒီကနေ့ထိတိုင် သူ၏နှုတ်ကပတ်တော်နှင့် သူ၏အမှုတော်မြတ်နှင့် ပတ်သက်၍ စိတ်နှလုံးတစ်လုံးတစ်ဝတည်းရှိကြလျက် နောင်တစ်နှစ်အထိ ကျွန်ုပ်တို့အားကျဆင်းခြင်းမှ ဖေးမလျက် သူ၏ကျေးဇူးတော်အားဖြင့် လုံခြုံစွာစောင့်ထိန်းကွယ်ကာတော်မူခဲ့သော ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းပါ။ (ကျေးဇူးတင်ပါ) ကျွန်ုပ်တို့မှ အလွန်များစွာသောသူတို့သည် သူ၏လူအစစ်အမှန်မဟုတ်သော သူအားလုံးတို့ကို ဆန်ခါဖြင့်ချသကဲ့သို့ အလွန်စေ့စပ်သေချာစွာ စစ်ဆေးခြင်းနှင့်စပ်ဆိုင်သော ရည်ရွယ်ချက်များအတွက် ဘုရားသခင်၏လူတို့အပေါ်တွင် ပြင်းထန်သောလှည့်ဖြားခြင်းများကိုဖြစ်ပေါ်စေရန် ရန်သူတည်းဟူသော မာနတ်အားခွင့်ပြုထားသည်ကို ကျွန်ုပ်တို့သည် အောက်မေ့သတိရသောအခါတွင် (၂ သက် ၂း၁၀ - ၁၂)ကျွန်ုပ်တို့အား ကျဆင်းခြင်းမှ သူ၏ဂုဏ်အင်္ဂါများနှင့်တစ်ထပ်တည်းရှိလျက် စောင့်ထိန်းကာကွယ်ခြင်းနှင့် သမ္မာတရားကို နည်းလည်ခြင်းကဲ့သို့ တည်ကြည်ခြင်း၌ ယခုထိတိုင် ကျွန်ုပ်တို့အား တွေ့ရှိလျက် နောက်ထပ်နှစ်တစ်နှစ်ကို ဖွင့်ပေးတော်မူသော ဘုရားသခင်အား အမှန်တကယ်ကျေးဇူးတော်ကို ချီးမွမ်းသင့်ပါသည်။

## January 2

မိမိတို့ကို မိမိမပိုင်ကြောင်းကိုငှင်း၊ မသိကြသလော၊ သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသောသူ ဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့။ (၁ကော ၆း၁၉-၂၀)

နှစ်သစ်၏အစအဦး၌ မိမိတို့ကို မိမိတို့မပိုင်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့သည် အခြားသူတစ်ဦးမှ ပိုင်ဆိုင်သည်ဟူသော ဤအရာထက်ပိုမို၍အရေးကြီးသော သင်ခန်းစာသည် ကျွန်ုပ်တို့အတွက် ရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုကျေနပ်မှုရှိစေရန် ရှာဖွေကြရမည်မဟုတ်ပါ။ သူ့အားကျေနပ်မှုရှိစေရန် ရှာဖွေကြရမည်ဖြစ်ပါသည်။ ကိုယ့်ကိုကို၏ အစေကိုခံရန်ရှာဖွေမည်မဟုတ်ဘဲ သူ၏ အစေကိုခံရန် ရှာဖွေရမည်ဖြစ်ပါသည်။ ဇာတိအလိုဆန္ဒကိုနာခံရန် ရှာဖွေရမည်မဟုတ်ဘဲ အမှန်တော့ သူ၏အလိုတော်ကိုနာခံရန် ရှာဖွေကြရမည်ဖြစ်ပါသည်။ ဤနည်းလမ်းသည် ခရစ်တော်၌ အပြစ်မှဖြောင့်မတ်ခြင်းသို့ သီးခြားနေခြင်း(ခွဲခွာခြင်း)သာမက မိမိအလိုဆန္ဒမှ ဘုရားသခင်၏အလိုတော်သို့ သီးခြားနေခြင်းတည်းဟူသောစကားလုံး၏အနှစ်သာရကို လုံးဝဥဿုံ နားလည်ခြင်း၌ "သန့်ရှင်းခြင်း" ဖြစ်ပါသည်။

## January 3

မခြားမလပ်ဆုတောင်းပဌာနပြုကြလော့၊ (၁ သက် ၅း၁၇)

ဆုတောင်းခြင်း၌ အသေအချာနှင့် ငွတ်တောင်းခြင်းများဖြင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏သဘော သဘာဝဆိုင်ရာ စိတ်တိမ်းယိမ်းခြင်း မည်သို့ရှိစေကာမူ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာမှ ညွှန်ကြားချက်များကိုယူလျက် ကျွန်ုပ်တို့၏သဘောသဘာဝဆိုင်ရာ ပိုမိုကြိုက်နှစ်သက်ခြင်းများကို အောင်မြင်ကြရမည်ဖြစ်ပါသည်၊ ချစ်လှစွာသောသားသမီးများအဖြစ်၊ ကလေးငယ်များအဖြစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အမြင်များနှင့် လုပ်ဆောင်မှုများကို အထက်မှလာသောညွှန်ကြားချက်များနှင့် ကိုက်ညီကြရမည်ဖြစ်ပါသည်၊ ထို့ကြောင့် သင်တို့သည် ဝမ်းမြောက်စရာစုံလင်စေခြင်းငှာ တောင်းကြလော့၊ ထိုသို့တောင်းလျှင် ရကြလိမ့်မည်ဟူသောစကားကို ကျွန်ုပ်တို့အားလုံး သတိရအောက်မေ့ကြပါစို့၊ သူတို့အတွက် တောင်းလျှောက်ကြမည်ဖြစ်သော သူ၏နာခံပြီးသစ္စာရှိသော သားသမီးတို့အပေါ် သက်ရောက်ရန် ကောင်းကင်ဘုံရှင် ခမည်းတော်ဘုရားသခင်သည် ဝရဇာများ၊ ကောင်းကြီးမင်္ဂလာများနှင့် ကြည့်ရှုမစခြင်းများကို တိုးပွားစေခဲ့ပါသည်၊ (မ ၁၆း၂၄)

## January 4

ထာဝရဘုရားကို မျှော်လင့်လော့၊ အားယူ၍ ရဲရင့်သောစိတ်နှလုံးရှိလော့၊ ထာဝရဘုရားကို မျှော်လင့်လျက်နေလော့၊ (ဆာ ၂၇း၁၄)

ဘုရားသခင်၏ အကြံအစည်အားလုံးတို့၌ "အချိန်" သည် အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်၊ ထို့ကြောင့် ကျွန်ုပ်တို့တောင့်တသော ကောင်းကြီးမင်္ဂလာများတို့သည် နှောင့်နှေးနေလျက် (ဆိုင်းလျက်)သီးခံ(တည်ကြည်)ခြင်းကို စစ်ဆေးသောအခါ ကျွန်ုပ်တို့သည် စိတ်ပျက်ကြဖို့မဟုတ်ပါ၊ ဘုရားသခင်သည် ကမ္ဘာကြီးကိုဖန်ဆင်းပြီး လူကိုနေထိုင်ဖို့ရန်အတွက် အချိန်ယူခဲ့ရပါသည်၊ ဆိုးညစ်ခြင်းနှင့်အတူ မဖြစ်မနေလိုအပ်သော အတွေ့အကြုံအတွက် လောကကြီးအားအချိန်ပေးရပါသည်၊ လောက၏ ရွေးနုတ်ရှင်အဖြစ် ခရစ်တော်၏ကြွရောက်လာခြင်းအတွက် ပြင်ဆင်ရန်အချိန်ပေးရပါသည်၊ သူ၏ဘုန်းအသရေနှင့်ပြည့်စုံသောအုပ်စိုးခြင်း၌ ပါဝင်ရန်အသင်းတော်အား ပြင်ဆင်ခြင်းအတွက်အချိန်ပေးရပါသည်၊ သူ၏ လူတို့၏တစ်ဦးချင်းစီနှင့်ဆိုင်သောအငန်းအတာများအား ပုံသွင်းရန်နှင့် ညှိယူရန်အတွက် အချိန်ကိုခွင့်ပြုရမည်ဖြစ်ပါသည်၊ ဆိုင်းနေသည်ဟုထင်မြင်ရသော ကျွန်ုပ်တို့၏ဆုတောင်းချက်များကို အဖြေပေးရန် အချိန်ကို ဘုရားသခင်သည် မမေ့ပါ၊ စင့တ်၏ကျခြင်းကိုသတိပြုလျက် ကျွန်ုပ်တို့၏ ဦးခေါင်းမှဆံပင်များကိုရေတွက်လျက်ရှိသော သူသည် သူ၏နှိမ့်ချသောသားသမီးတို့၏ မဖြစ်မနေလိုအပ်သော အလွန်သေးငယ်သော(သို့)အသေးငယ်ဆုံးသော ခေါ်ခြင်းအတွက် စိတ်မဝင်စားခြင်းရှိလိမ့်မည်မဟုတ်ပါ၊

**January 5**

ကိုယ်တော်ကို ကဲ့ရဲ့သောသူတို့၏စကားသည် အကျွန်ုပ်အပေါ် သို့ရောက်ပါ၏ဟု ကျမ်းစာလာသတည်း။ (ရော ၁၅း၃)

မှားယွင်းနေပြီး ကျဆင်းလျက်ရှိသောသူတို့အတွက် ကျွန်ုပ်တို့သည် သနားကြင်နာခြင်း၊ ဆုတောင်းပေးခြင်းနှင့်အတူ ကဲ့ရဲ့ခြင်းများကိုသူသည် သယ်ပိုးခဲ့သကဲ့သို့ ခရစ်တော်၏စစ်သရဲများကဲ့သို့ သူ၏ အမှုတော်၌ ကြံ့ကြံ့ခံခြင်းအားဖြင့် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ချစ်မြတ်နိုးခြင်းကိုသက်သေပြရန် အခွင့်အလန်းတစ်ခုကို လေးစားသောနှိမ့်ချသည့်စိတ်သဘောနှင့်အတူ ခရစ်တော်၏ကဲ့ရဲ့ခြင်းများကို ကျွန်ုပ်တို့သယ်ပိုးကြသည် ဟူသောအရာကိုနားလည်ကြပါစို့။ (ဘုရားသခင်သည် သူတို့အား နောင်တကို ပေးကောင်းပေးနိုင်ခဲ့သော်) လူသားများ၏ကိုယ်ကျင့်သိက္ခာညံ့ဖျင်းနှင့်စပ်ဆိုင်သော ထင်ရှားပြသခြင်း အားဖြင့် သူသည်မအံ့သြခဲ့ပါ။ အပြစ်အားဖြင့် ချည်နှောင်ထားလျက် မှောင်မိုက်ခြင်း၏ အရှင်၏အုပ်စိုးမှု အောက်တွင်ရှိသော မကြင်နာသောဤကမ္ဘာ လောကထဲ၌သူသည်ရှိသည်ကို သူသည်သိခဲ့ပါသည်။ ထို့ကြောင့် သီးခံစိတ်ရှည်စွာ ကြံ့ကြံ့ခံခဲ့သော ကဲ့ရဲ့ခြင်းများ၊ မခံချင်အောင်ပြောဆိုခြင်းများနှင့် ညှင်းပန်းနှိပ်စက်မှုများကို သူသည် မျှော်လင့်ခဲ့ပြီး တဖက်တွင်လည်း သူ၏ဒုက္ခဆင်းရဲများကို လုံးဝနီးပါးသတိမမူပဲ သူ၏ကြီးစွာသော ချစ်ခင်ကြင်နာသောနှလုံးသားသည် အခြားသူတို့အတွက် စဉ်းစားပေးသော သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝလျက်ရှိခဲ့ပါသည်။

**January 6**

အကျွန်ုပ်တို့သည် ပညာတရားကို နှလုံးသွင်းမည့်အကြောင်း၊ ကိုယ့်နေ့ရက်ကာလကို ရေတွက်နိုင်စေခြင်း ငှာ သွန်သင်တော်မူပါ။ (ဆာ ၉၀း၁၂)

နေ့ရက်ကာလကိုရေတွက်ခြင်း၌ ခရစ်ယာဉ်တစ်ဦးသည် အလွန်လေးနက်တည်ကြည်ခြင်းနှင့်အတူ လုပ်ဆောင်သော်လည်း အလွန်ဝမ်းနည်းသော(သို့)မြေမဆည်နိုင်သောခံစားချက်များနှင့်အတူ သူသည် မရေတွက်ပါ။ မှောင်မိုက်တန်ခိုးမှ အံ့ဖွယ်သောအလင်းသို့ ကျွန်ုပ်တို့အား ခေါ်သွင်းတော်မူသော သူ၏ ဂုဏ်ကျေးဇူးတော်ကို ဖော်ပြခြင်းငှာလည်းကောင်း၊ ကောင်းကင်ခရီး၌အခြားသူများကို ကူညီရန်အတွက် လည်းကောင်း၊ ဘုရားသခင်အမြင်၌ ကျေနပ်သောစရိုက်လက္ခဏာများကို ပို၍ ပို၍ သူ့ကိုယ်တိုင် အသက်တာထဲတွင်တိုးတက်ခြင်းငှာလည်းကောင်း (ဘုရားသခင်၏ ချစ်တော်မူသော သားတော်၏ ပုံသဏ္ဍာန်သို့ ပို၍ပို၍ တူညီလာရန်အတွက်သော်လည်းကောင်း) များစွာသော အခွင့်အလန်းများနှင့် များစွာသောကောင်းကြီးမင်္ဂလာများကဲ့သို့ နေ့ရက်များကို သူသည်ရေတွက်ပါသည်။

## January 7

အဘယ်သူကိုမျှမကဲ့ရဲ့၊ ရန်တွေ့ခြင်းကိုမပြု၊ ပြည်းညှင်းသောသဘောရှိ၍၊ ခပ်သိမ်းသောသူတို့၌ အလွန်နူးညံ့သိမ်မွေ့စွာပြုစေခြင်းငှာလည်းကောင်း။ သတိပေးလော့။ (တိတု ၃း၂)

ဝိုက်သိက္ခာကျအောင် မဟုတ်မမှန်လုပ်ကြံပြောဆိုခြင်းနှင့် မကောင်းပြောဆိုခြင်းတို့သည် အခြားသူတစ်ဦး၏ဂုဏ်သိက္ခာကိုလုပ်ကြံခြင်းနှင့် အသရေဖျက်ခြင်း၊ အခြားသူတစ်ဦး၏နံမည်ကောင်းကို လုယူခြင်းဖြစ်သည်ဟု သင့်လျော်သောအတွေးကို တားတိုင်၏စစ်သူရဲတို့သည် တစ်ကြိမ်တစ်ခါတည်းရခဲ့မည်ဆိုလျှင်၊ ၎င်းသည် ဘုရားသခင်၏ရှေ့တော်၌ ပေါ်လာကြရမည်ကဲ့သို့ ဤအရာကို အမှန်တကယ် ကြောက်မက်ဖွယ်ရာကောင်းသောအလင်း၌ သူတို့သည် မြန်မြန်တွေ့မြင်လာကြမည်ဖြစ်ပါသည်။ ဤစစ်မှန်သော ဘုရားသခင်၏ရှုထောင့်မှ ဤအရာကို မြင်တွေ့လျှင်မြင်တွေ့ခြင်း ဇာတိနှင့် မာနတ်၏ ဤကဲ့သို့သောအလုပ်များကို အောင်မြင်ခြင်း၌ ဖြစ်နိုင်သမျှအတိုင်း အကြီးမားဆုံးသော လှုပ်ရှားမှုသို့ အသစ်သောသတ္တဝါကို နိုးထစေရမည်ဖြစ်ပါသည်၊ အယောက်စီတိုင်းသည် နှလုံးသားထဲ၌ပြုစုပင်ခြင်း၊ သခင်ဘုရား၏ပုံတူတစ်ခုဖြစ်နိုင်သော မနာလိုခြင်း၊ ခိုတ်ရန်ဖြစ်ပွားခြင်း၊ မရိုးသားခြင်းနှင့် ဆိုးညစ်သော စကားများကို ပြောဆိုခြင်းတို့ကို ဖယ်ရှားရန်ရှာဖွေကြမည်ဖြစ်ပါသည်၊

## January 8

သူတစ်ပါး၌ အဘယ်သူမျှ ရန်တုံ့မမူစေခြင်းငှာ သတိပြု၍ အချင်းချင်းတို့၌လည်းကောင်း၊ ခပ်သိမ်းသောသူတို့၌ ၎င်းကာလအစဉ်ကြိုးစား၍ ကျေးဇူးပြုကြလော့၊ (၁ သက် ၅း၁၅)

သမ္မာကျမ်းစာဆိုင်ရာ စံနှင့်အညီ ရွေးချယ်ထားတော်မူသော ခရစ်တော်၏အသင်းတော်သည် လောကီလူသားအားလုံးတို့တွင် အလွန်ကြင်နာခြင်း၊ အလွန်ရက်ရောခြင်း၊ အလွန်စင်ကြယ်ခြင်း၊ တောက်ပခြင်း ရှိသင့်ကြပါသည်၊ သို့သော် လောက၌ ဖြစ်ရိုးဖြစ်စဉ်ဖြစ်ပွားလျှက်ရှိသော အပြင်ပန်းဆိုင်ရာ ပုံစံကြင်နာခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းတို့၏ ရုပ်သွင်နှင့်စပ်ဆိုင်သော သဘောမျိုး၌မဟုတ်ပဲ နှလုံးသားထဲမှ ပေါ်ထွက်လာသောအရာဖြစ်သလို သခင်ဘုရား၏စိတ်သဘော၊ သမ္မာတရား၏စိတ်သဘော၊ ချစ်ခြင်း မေတ္တာ၏ စိတ်သဘောနှင့် တရားသဖြင့် စီရင်ခြင်းစိတ်သဘောတို့ကို သိမှတ်ခြင်းမှ ထွက်ပေါ်လာသော ကြင်နာခြင်း၊ နူးညံ့သိမ်မွေ့ခြင်းဖြစ်သင့်ပါသည်၊

## January 9

ထိုမှတပါး အဘယ်သူသည် သင်ကိုထူးခြားစေသနည်း။ သူတစ်ပါးလက်မှမခံယူဘဲ အလိုအလျောက် ရသောအရာ တစ်စုံတစ်ခုမျှ သင်၌ရှိသလော။ သူတစ်ပါးလက်မှလက်ခံယူသည်မှန်လျှင် မခံ မယူသကဲ့သို့ အဘယ်ကြောင့်ဝါကြွားသနည်း ? (၁ ကော ၄း၇)

သခင်ဘုရား၏ဆက်တပ်အပ်နှံထားသော လူအပေါင်းတို့သည် သူတို့၏ဉာဏ်ပညာအားဖြင့် မဟုတ်သလို အခြားသူတို့၏ ဉာဏ်ပညာအားဖြင့် သူတို့သည် လက်ရှိသမ္မာတရားနှင့် ကျေးဇူးသို့ ရောက်ရှိလာခဲ့ကြသည်မဟုတ်ပါ။ ဘုရားသင်၏ ဉာဏ်ပညာနှင့်ကျေးဇူးတော်အားဖြင့်သာ ရောက်ရှိလာခဲ့ကြသည်ကို သိမှတ်နားလည်သင့်ပါသည်။ ဘုရားသခင်အတွက် တာဝန်ရှိသည့် မည်သည့်အမှုအရာ၌သော်လည်းကောင်း၊ မည်သည့်အခန်းကဏ္ဍ၌သော်လည်းကောင်း၊ အစေခံလျက်ရှိကြသော သူအပေါင်းတို့သည်လည်း ဤအလားတူအတွေ့အကြုံရှိသင့်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းအိမ်သူအိမ်သားတို့၌ သူတို့၏အရိုက်အရာနှင့် ဘုရားသခင်၏နှုတ်လျှာများအဖြစ်အစေခံရန် သူတို့၏အခွင့်အလန်းများကို ခံစားလျက်ဝန်ခံသင့်သောကြောင့်ဖြစ်ပါသည်။ သို့သော် ဝန်ခံရန်ကျဆင်းခြင်းသည် သူတို့၏အရိုက်အရာနှင့် အခွင့်အလန်းများကို မှန်ကန်စွာအသိအမှတ်ပြုရန်ကျဆင်းခြင်းကို ရည်ညွှန်းပါသည်။

## January 10

ငါ့ညီအစ်ကိုတို့၊ ထာဝရဘုရား၏နာမတော်ကို အမှီပြု၍ ဟောပြောသော ပရောဖက်တို့သည် ဆင်းရဲဒုက္ခတွေ့ခြင်း၊ သည်းခံခြင်း၏ ပုံသက်သေကိုပြကြပြီဟု မှတ်ကြလော့။ (ယာ ၅း၁၀)

မှန်ကန်သောလမ်းသည် ယခုထိတိုင် ကိုယ့်ကိုကိုငြင်းပယ်ခြင်း၊ ကိုယ့်ကိုကိုနှိမ့်ချခြင်းနှင့် စပ်ဆိုင်သောလမ်းကျဉ်းဖြစ်ပါသည်။ နူးညံ့သိမ်မွေ့ခြင်းနှင့် နှိမ့်ချခြင်းလမ်းဖြစ်ပါသည်။ ဤနှစ်ကို နောက်ဆုံးနှစ်(သို့)ပို၍ ဖြစ်နိုင်ချေရှိသောနှစ်ကဲ့သို့ ဤလမ်းကိုလျှောက်ရန် များစွာအားထုတ်မှုနှင့် ကျေးဇူးတော်ကို တောင်းဆိုလိမ့်မည်ဖြစ်ပါသည်။ အကြောင်းမူကား ကျေးဇူးတော်နှင့် အသိပညာ၌ပို၍ ကြီးပွားတိုးတတ်လာလေလေ သန့်စွမ်းသူသည် ဝါကြွားရန်၊ ဖေါင်းကားရန်၊ ဘဝင်မြင့်စေရန် စုံစမ်းနှောက်ယှက်မှုများရှိလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်မြတ်၌ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် လုပ်ငန်းဆောင်တာတို့၌ ကျွန်ုပ်တို့သည် မြင့်မားလာလေလေ ကြီးစွာသောရန်သူသည် ကျွန်ုပ်တို့၏တိုးတက်မှုကို ပို၍ဆန့်ကျင်လိမ့်မည်ဖြစ်ပြီး သူ၏လျှို့ဝှက်စွာစေလွှတ်သောသူတို့သည် ကျွန်ုပ်တို့အား နာကျင်စေရန် များသောအားဖြင့် ရှာဖွေလျက်ဂုဏ်သိက္ခာချတာ၊ မဟုတ်မမှန်ပြောဆိုကြမည်ဖြစ်ပါသည်။

## January 11

ထို့ကြောင့်၊ ငါသည် နုတ်ကပတ်တော်ကို မကြားမပြော၊ နာမတော်ကိုအမှီပြု၍ မဟောဘဲ နေမည်ဟု သဘောထားသော်လည်း၊ ငါ့အရိုးတို့၌ ချုပ်ထား၍ လောင်သောမီးကဲ့သို့ နုတ်ကပတ်တော်သည် ငါ့နှလုံး၌ ဖြစ်သောကြောင့်၊ အလွန်ငြီးငွေ့သဖြင့် အောင့်၍မနေနိုင်။ (ယေ ၂၀း၉)

ကျေးဇူးပြုခြင်း၊ ကောင်းကြီးမင်္ဂလာနှင့် ညာဏ်မျက်စိပွင့်လင်းခြင်းနှင့် စပ်ဆိုင်သော ဤအချိန်ကာလ ၌ ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေရန်အတွက် ဆက်လက်တည်ရှိရန် အခွင့်အလမ်းရှိကြသောသူများဖြစ်ကြပါစို့။ ထို့အပြင် ကျွန်ုပ်တို့၌ ထင်ရှားပြသခဲ့သော ယောဟန်၏ ချစ်ခြင်း၊ မေတ္တာနှင့် စပ်ဆိုင်သော စရိုက်လက္ခဏာနှင့် သူ၏အားထုတ်မှု၊ သူ၏ စိတ်အားထက်သန်မှုကို သိမြင်နားလည်ကြပါစို့။ အဘယ်ကြောင့်ဆိုသော် သူ့အား၊ချစ်တော်မူသော တပည့်တော်ဟူ၍ ပြောဆိုနေစဉ် တဖက်တွင်လည်း၊ သူ၏အစ်ကို မိုးကြိုး၏သား၊ ဗောနေရဂက် နှင့်အတူ သူ၏ပြင်းထန်သော စိတ်အားထက် သန်မှုနှင့် ပြုမူခြင်းတို့ကြောင့် ဖြစ်သည်ကို ကျွန်ုပ်တို့သည် အောက်မေ့သတိရကြရမည်ဖြစ်ပါသည်။ သူပိုင်တော်မူသော ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများနှင့် စိတ်ဝိညာဉ်များ၌ ဘုရားသခင်၏ ဘုန်းကို ထင်ရှားစေနိုင်မည့် ချစ်ခြင်းမေတ္တာမှ လှုံ့ဆော်လျက်ရှိသည့် ပြည့်ဝသော ယစ်ပူဇော်ခြင်း။ ပြည့်ဝသော အားထုတ်ခြင်း ရှိကြပါစို့။

## January 12

ညီအစ်ကိုတို့၊ လူသည် သတိလစ်၍ တစုံတခုသော ဒုစရိုက်ကိုပြုမိလျှင်၊ ဝိညာဉ်ဆုကျေးဇူးကို ခံရသော သင်တို့သည် အပြစ်သွေးဆောင်ခြင်းနှင့် ကိုယ်တိုင်လွတ်မည့်အကြောင်း၊ ကိုယ်ကိုသတိပြုလျက် သိမ်မွေ့နူးညံ့သော သဘောနှင့် ထိုသို့သော သူကိုမစ၍ သူ၏နေရာ၌ တည်မြဲတည်စေပြန်ကြလော့။ (ဂလာတိ ၆း၁)

ကျွန်ုပ်တို့သိရှိခဲ့ကြသော ယခင်ကသူတို့မှားခဲ့သည့် အခြေအနေတခုထက် သူတို့ နှလုံးသားများ၏ ယခုအခြေအနေနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းတခုအားဖြင့်ရင်း၊ အမှား၏အသေးစိပ်အချက် အလက်နှင့် တိုက်ရိုက်စွပ်စွဲခြင်းထက် အရိပ်အမြွက်တခုအားဖြင့်သာရင်း၊ ကြင်နာစွာ၊ အလွန်ထောက်ထား ညှာတာစွာ၊ အလွန်နူးညံ့သိမ်မွေ့စွာဖြင့် အခြားသူတို့အား ဆုံးမခြင်းအတွက် ဤသင်ခန်းစာကို ကောင်းစွာ ကျွန်ုပ်တို့လေ့လာသင်ယူကြပါစို့။ တစုံတယောက်သောသူအား သူ့လမ်း၏အ မှားအယွင်းမှ မှားယွင်းသော သူအား သူ၏နေရာ၌တည်မြဲတည်စေဖို့ရန်အတွက်ထက် မှားယွင်းစွာလုပ်ဆောင် ခြင်းများ၊ လိုက်လာမည့် ပြစ်ဒဏ်စီရင်ခြင်းများအတွက် ဂရုစိုက်မှုနည်းသောသူများဖြစ်ကြရမည်ဖြစ်ပါသည်။ မကောင်းသောအကျင့်ဆိုးများအတွက် တဦးနှင့်တဦး၊ စီရင်လျက်အပြစ်ပေးရန်အတွက် ကျွန်ုပ်တို့သည် ကြိုး ပမ်းကြရမည်မဟုတ်ပါ။ သို့သော် ဤအရာအားလုံးတို့သည် ဘုရားသခင်၏လက်တော်ထဲ၌ ရှိကြသည်ကို သာ၍အောက်မေ့သတိရကြဖို့ရန်ဖြစ်ပါသည်။ ဆိုးညစ်ခြင်းအတွက် ဒဏ်ပေးခြင်း (သို့) ပြင်းပြင်းထန်ထန် ဒဏ်ခတ်ခြင်းတို့ပေးရန် (သို့) ကျွန်ုပ်တို့ကိုယ်ကို အပြစ်ပေးရန် မည်သည့်စကားလုံးမျိုးနှင့်စပ်ဆိုင်သောသဘော၌ ကျွန်ုပ်တို့သည် ရှိကြမည်မဟုတ်ပါ။

## January 13

ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်ကို မပြုစေခြင်းငှါ၊ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏ တစုံတယောက်သော သူသည် ဒုစရိုက်ကို ပြုမိလျှင် ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ ရှိတော်မူ၏။ (၁ယော ၂း၁)

ယုံကြည်ခြင်းမရှိသောကြောင့်ရင်း၊ (သို့) ဇာတိပကတိ၏ အားနည်းခြင်းကြောင့်ရင်းအားဖြင့် ဘုရားသခင်၏အလိုတော်နှင့် ကျွန်ုပ်တို့၏အကောင်းဆုံး ဝိညာဉ်ပိုင်းဆိုင်ရာစိတ်ပါဝင်စားခြင်းကို ဆန့်ကျင်ရန် မှားယွင်းသောခြေလှမ်း တခုကို လျှောက်လှမ်းခဲ့မိသည်ကို ကျွန်ုပ်တို့သည် တွေ့ရှိကြသည်ဆိုလျှင် ဘုရားသခင်ထံ တောင်းလျှောက်ခြင်း၌သော်လည်းကောင်း၊ ခြေလှမ်းများကို ပြန်လည်ရုပ်သိမ်းခြင်း၌သော်လည်းကောင်း၊ အချိန်များဆုံးရှုံးခြင်းမရှိသင့်ပါ။ ပုံဆောင်သောတိရစ္ဆာန်များ၏အသွေးနှင့်အတူ အာပြဟံယဇ်ပူဇော်ခဲ့သော နည်းလမ်းထက် အလွန်သာလွန်သော ခရစ်တော်၏ အလွန်အဖိုးထိုက်သော အသွေးတော်နှင့်အတူ ယဇ်ပူဇော်ခဲ့သည့် ယဇ်ပလ္လင်တခုသည် ကျွန်ုပ်တို့တွင်ရှိကြပါသည်။ ထို့ကြောင့် လိုအပ်သောအချိန်တိုင်း၌ ငါတို့သည် သနားခြင်း ဂရုဏာကိုရင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် (ယုံကြည်ခြင်း အပြည့်အဝနှင့်) ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့ ဟူ၍ တမန်တော်မှ ကျွန်ုပ်တို့အား တိုက်တွန်းနှိုးဆော်နေခြင်းဖြစ်ပါသည်။

## January 14

ထို့ကြောင့် ငါပြေးသောအခါ အမှတ်တမဲ့ပြေးသည်မဟုတ်၊ လက်ပွေ့သတ်သောအခါ အာကာသကောင်းကင်ကိုသာ ထိုး၍ သတ်မည်မဟုတ်။ (၁ကော ၉း၂၆)

အလိုဆန္ဒကို အပြည့်အဝအပ်နှံခြင်း (ကိုယ်ခန္ဓာနှင့် စိတ်နှလုံး၏အရည်အချင်းနှင့်စွမ်းအားတိုင်း အား အပြည့်အဝပေးခြင်း၊) တခုကို နားလည်စွာပြုလုပ် (သို့) သဘောတူညီစွာ ပြုလုပ်ခဲ့ခြင်း၌ ကျဆင်းလျက်ရှိသောသဘောသဘာဝ၏အားနည်းချက်များအတွက် ကြီးစွာသော အကူအညီတခုကို တွေ့ရှိလိမ့်မည်ဖြစ်ပါ သည်။ သခင်၏စစ်တပ်ထဲသို့ဝင်ရောက်ခြင်းနှင့် သခင်ထံ သူ၏ဆက်ကပ်အပ်နှံခြင်းနှင့်စပ်ဆိုင်သော ဤသင့်လျော်သောအမြင်ကို ဆောင်ယူသောသူသည် သခင့်အားပို၍ပေးဖို့ရန် သူ၌အာမှုမရှိတော့ပါဟူ၍ နားလည်ပါသည်။ အလိုဆန္ဒအား မည်သို့သော ရုန်းကန်လှုပ်ရှားစေမှုများရှိနေစေကာမူ "ငါနှင့် ငါ၏အိမ်သူ အိမ်သားဖြစ်လျှင် ထာဝရဘုရားသခင်အား ဝတ်ပြုကြမည်ဟူသကဲ့သို့" နောက်ဆုံးတွင် သူဆုံးဖြတ်ခဲ့သောအခါတွင် အရာအားလုံးမှာ အဆုံးသို့ရောက်ရှိခဲ့မည်ဖြစ်ပါသည်။ ထို့ကြောင့် စစ်ထဲသို့ ဝင်ရောက်ခြင်းနှင့်စပ်ဆိုင်သော ဝေါဟာရသည် သေထိတိုင်အောင်ဖြစ်ပြီး ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော ကောင်းသောတိုက်လှန်ခြင်းကိုပြုရန် တနာရီအတွက်ပင်လျှင်ရပ်စဲခြင်းနှင့် တိုက်ပွဲမှဆုတ်ခွါရန် မည်သည့် ကြံစည်ခြင်းကိုမျှ တွေးတောစဉ်းစားခြင်းအတွက်ပင်လျှင် နေရာမရှိဟု စစ်သူရဲအားလုံးတို့သည် သိမှတ်နားလည်ကြသည်ဟူသောအရာမှာ မည်မျှလောက်အရေးကြီးသည် မဟုတ်ပါလော။

## January 15

အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ တရားသဖြင့်ပြုခြင်း၊ ကရုဏာကိုနှစ်သက်ခြင်း၊ သင်၏ ဘုရားသခင်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရားတောင်းတော်မူသနည်း၊ (မိက္ခာ ၆း၈)

ဤအရာများသည် ကျွန်ုပ်တို့အားလုံးဝန်ခံရမည့် အလွန်ကျိုးကြောင်းစီလျော်သော တောင်းဆိုမှုများဖြစ်ကြပါသည်၊ လာမည့် အနာဂတ်၌လောကအား တရားစီရင်ခြင်းအတွက် သူ့ပညာသင်ကြားပေးလျက်ရှိသောသူတို့ထံမှ နည်းသောတောင်းဆိုမှုကိုမပြုလုပ်ခဲ့သည်မှာ သိသာထင်ရှားပါသည်၊ ပရောဖက်အားဖြင့် အထူးပြုထားသော ဤအရည်အချင်းများထဲမှ (၃) ခုစလုံးသည် "ချစ်ခြင်းမေတ္တာ" စကားလုံးတလုံး၌ ပါဝင်ပါသည်၊ ချစ်ခြင်းမေတ္တာသည် မိမိ၏အိမ်နီးချင်းများနှင့်ရင်း၊ မိမိ၏ညီအစ်ကိုများနှင့်ရင်း မိမိ၏မိသားစုများနှင့်ရင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်ရင်း၊ ကျွန်ုပ်တို့သည် တရားသဖြင့် ဆက်ဆံကြရမည်ဟုတောင်းဆိုပါသည်၊ ကျွန်ုပ်တို့သည် အခြားသူတို့၏အခွင့်အရေးများ (သူတို့၏ ရုပ်ပိုင်းဆိုင်ရာအခွင့်အရေးများ သူတို့၏ကိုယ်ကျင့်သိက္ခာဆိုင်ရာအခွင့်အရေးများနှင့် အသိပညာဆိုင်ရာအခွင့်အရေးများ၊ သူတို့၏လွတ်လပ်ခွင့်များ) ၌ ကျွန်ုပ်တို့၏ အသိအမှတ်ပြုခြင်းကို တိုးတက်စေရန် ရှာဖွေကြမည်ဖြစ်ပြီး သူတို့အားငြင်းပယ်ရန် (သို့) နည်းစေရန် ရှာဖွေသည့် စကားလုံးနှင့်စပ်ဆိုင်သော သဘောမျိုးမရှိခြင်း၌ ကျွန်ုပ်တို့သည် ရှိကြလိမ့်မည်ဖြစ်သော ဤအရာများကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်၊

## January 16

ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြုကြလော့၊ (ရော ၁၂း၁၂)

ခရစ်တော်၏ ချစ်လှစွာသောတပည့်တော်များခင်ဗျာ ဆုတောင်းပဌနာပြုခြင်းကို အမြဲပြုရန်၊ ဆုတောင်းခြင်း၌ အမြဲအဆင်သင့်ရှိဖို့ရန် (ခမည်းတော်နှင့် ကျွန်ုပ်တို့၏ ချစ်လှစွာသော သခင်ယေရှုခရစ်သည် ကျွန်ုပ်တို့နှင့်အတူအစဉ်မပြတ်တည်ရှိတော်မူသည်ဟု နာရီတိုင်း၊ နေ့ရက်တိုင်းသိမှတ်ရန်နှင့် မည်သည့်နေရာ၌တွင်မဆို၊ မည်သည့် အချိန်နာရီ၌တွင်မဆို ဘုရားသခင်ထံ ကျွန်ုပ်တို့၏ စိတ်နှလုံးများကို မျှော်ကြည့်ရန်) ဖြစ်သည့် ဤမျှလောက်ကောင်းကြီးမင်္ဂလာနှင့်ပြည့်စုံတော်မူသော အခွင့်အလမ်းတခုသည် ကျွန်ုပ်တို့နှင့်သက်ဆိုင်သောအရာဖြစ်ပါသည်၊ သူ၏ ကြည့်ရှုစောင့်ထိန်းကွယ်ကာမှုအောက်၌ နေ့တနေ့တာ ကြိုးစားအားထုတ်သော တာဝန်ဝတ္တရားများ ကိုလုပ်ဆောင်သောအချိန် (သို့) စိတ်ဝိညာဉ်မှ သူ၏လိုအပ်ချက်ကို သိမြင်နားလည်သော မည်သည့် အချိန်နာရီ၌တွင်မဆို ဆိတ်ငြိမ်ရာအခန်းထဲသို့ဝင်၍ ထိုနေရာ၌ ဘုရားသခင်အတူ တဦးတည်း ကျွန်ုပ်တို့၏ နှလုံးသားများ၏ဝန်ကို ပေါ့ပါးစေခြင်းနှင့်စပ်ဆိုင်သော အခွင့်အလမ်းသည် မည်မျှလောက် အဖိုးထိုက်တန်လှသည်မဟုတ်ပါလော၊

## January 17

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ ကိုယ်ကိုကိုယ်စောင့်ရှောက်၍၊ (ယုဒ ၂၁)

ဖြောင့်မတ်ခြင်း၏အခြေခံ နိယာမတရားများကို နာခံခြင်းအားဖြင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ ကိုယ့်ကိုကိုယ်ကို နာရီတိုင်း၊ နေ့ရက်တိုင်း၊ ကျွန်ုပ်တို့ သည် စောင့်ရှောက်နိုင်ပါသည်. ပြီးလျှင် ကျွန်ုပ်တို့သည် ဘဝ၏စစ်ဆေးခြင်းများ၊ အခက်အခဲများ၊ ဝမ်းနည်းခြင်းများ စိတ်ပျက်ခြင်းများ စသည့် အသက်တာ၏ အတွေ့အကြုံတိုင်း၌ ဝမ်းမြောက်ကြရန် ဖြစ်ပါသည်၊ အကယ်၍ ဤနည်းလမ်းများအားလုံး အားဖြင့်ရင်း (သို့) တစုံတခုအားဖြင့်ရင်း ကျွန်ုပ်တို့၏ မစုံလင်ခြင်းများကို ရှင်လင်းသော သိမြင်နားလည်ခြင်းနှင့် ကျွန်ုပ်တို့၏ အပြည့်အဝ အပ်နှံသော စိတ်နှလုံးကို တောင်းဆိုသည့် သူတည်ဆောက်ခဲ့တော်မူသော ချစ်ခြင်းမေတ္တာနှင့် လွတ်ခြင်းနှင့် စပ်ဆိုင်သော စုံလင်သောတရားထဲသို့ ပိုမိုရှင်းလင်းသော သိမြင်နားလည်ခြင်းတခုကို ဘုရားသခင် သည် ကျွန်ုပ်တို့အား လမ်းညွှန်လျက်ပေးအပ်ခဲ့သည်ဆိုလျှင် ၎င်း၏ ဝမ်းမြောက်ပျော်ရွှင်မှုသည်မနည်းပါ၊

## January 18

အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက်၊ စိတ်တန်းသဖြင့် သခင်ဘုရား၏အလိုတော်သို့ လိုက်၍ အား ထုတ်ကြလော့၊ (ရော ၁၂:၁၁)

ပြေးပွဲကိုအောင်မြင်စွာ ပြေးရန်အလိုရှိသောသူအားလုံးတို့အား သခင်ဘုရား၏အလုပ်၌ သူတို့၏စိတ် အားထက်သန်ခြင်းနှင့် လှုပ်ရှားမှုကို ကောင်းစွာ အာရုံစိုက်ပါစေ၊ အကယ်၍ ရှောင်ရှားနိုင်ခဲ့ရမည် (သို့) ချထားနိုင်ခဲ့ရမည်ဖြစ်သော အခြေအနေများနှင့်လောကီဆိုင်ရာ စိုးရိမ်ပူပန်မှုနှင့်စပ်ဆိုင်သော ဝန်တခု၏ အောက်၌ တခု (သို့) များစွာသော ကျွန်ုပ်တို့၏ အစွမ်းသတ္တိများကို မြှုပ်နှံခဲ့သော်၎င်း၊ အကယ်၍ ကျွန်ုပ်တို့သည် သူတို့အား မိမိအတွက် (သို့) မိသားစုအတွက် လောကီဆိုင်ရာ ရည်ရွယ်ချက်များ အောက်၌ မြှုပ်နှံခဲ့ သော် (သိပ္ပံပညာ၊ အတွေးအခေါ်ပညာ၊ ဂီတ (သို့) ပန်းချီ (သို့) စီးပွားရေး၊ နိုင်ငံရေး (သို့) ပျော်ရွှင်မှုများ (သို့) မာနနှင့်စား ချင်စိတ်ကို အလိုလိုက်ခြင်းစသည့်အရာများအပေါ်၌ဆက်ကပ်အပ်နှံထားသော အချိန်ကိုဖြုန်းတီးခြင်းအားဖြင့် ဤအရာ သည်ဖြစ်နိုင်ပါသည်) သစ္စာမရှိသော ကျွန်များအဖြစ် ကျွန်ုပ်တို့သည် အပြင်အရပ်မှောင် မိုက်ထဲသို့ မြန်မြန်ဆန်ဆန် (သို့) နောင်သောအခါတွင် သွားကြမည်ဖြစ်ပါသည်၊.

## January 19

ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန်နှစ်သက်ပါ၏၊ တနေ့လုံးဆင်ခြင်အောက်မေ့လျက်နေပါ၏၊ (ဆာလံ ၁၁၉း၉၇)

လေ့လာခြင်းနှင့်ပတ်သက်၍ အမြောက်အများကို ရည်ရွယ်ချက်မရှိဘဲပြုလုပ်ကြသော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာရန်သည် ခရစ်ယာန်များအတွက် ကြီးစွာသော အခွင့်အလန်းတခုဖြစ်ပါသည်၊ လက်တွေ့ကျင်လည်ခြင်းထဲသို့ ရောက်ရှိမလာသော လေ့လာခြင်းသည် အချိန်ဖြုန်းတီးတာထက် ပို၍ဆိုဝါးပါသည်၊ ဘုရားသခင်၏အကြံအစည်နှင့်စပ်ဆိုင်သော အသိပညာကို ရရှိရန် (ယင်ပူဇော်ခြင်း၏ အတိုင်းအတာ မမာဏထိပင်လျှင်) ဘုရားသခင်၏လူတို့သည် ကျိုးကြောင်းဆီလျော်သော အခွင့်အလန်းတိုင်းကို အသုံးပြုသင့်ကြပါသည်၊ သို့သော် သူ၏ယင်ပူဇော်နေခြင်းသည် သူ၏ကိုယ်ပိုင်အဆင်ပြေ သက်သာမှုများနှင့် နှစ်သိမ့်မှုများအတွက် ဖြစ်ပြီး အခြားသူတို့အတွက် အဆင်ပြေ သက်သာခြင်းများနှင့် နှစ်သိမ့်မှုမှာအတွက် အဓိကမဟုတ်ဘူးဆိုတာကို ဘုရားသခင်၏ သားသမီးသည်အသေအချာမြင်တွေ့လာလိမ့်မည်ဖြစ်ပါသည်၊ အခြားသောသူတို့အတွက် အသုံးချဖို့ရန်၌သာ ပြုလုပ်သော ကျမ်းစာလေ့လာခြင်းသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့်စပ်ဆိုင်သော စိတ်သဘောကို ကြွယ်ဝစွာတည်ရှိခြင်း လက္ခဏာတခုထက် တကိုယ်ကောင်းဆန်ခြင်း လက္ခဏာတခုသာဖြစ် ပါသည်၊

## January 20

သင်တို့သည်  ဆုံးမတော်မူခြင်းကိုခံလျှင်၊ သားတို့ကိုပြုသကဲ့သို့၊ ဘုရားသခင်သည် သင်တို့ကိုပြုတော်မူ၏၊ အကြောင်းမူကား၊ အဘမဆုံးမသောသား တစုံတယောက်ရှိသလော၊ (ဟေ ၁၂း၇)

စရိုက်လက္ခဏာသည် စစ်ကြောခြင်းမရှိဘဲ ပြည့်ဝစွာမတိုးတက်နိုင်ပါ၊ အပင်တပင်နှင့်တူပါသည်၊ ပထမဦးစွာ ၎င်းသည်အလွန်ထိခိုက်ဖျက်စီးလွယ်ပါသည်၊ ၎င်းသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတည်း ဟူသော နေရောင်ခြည်၏အလျှံအပယ်ရှိခြင်းတခုကိုလိုအပ်ပါသည်၊ ယုံကြည်ခြင်းအတွက် ကောင်းသော အုတ်မြစ်တခုနှင့် နာခံခြင်းအတွက် လျှံ့ဆော်သောအခြေအနေတခုအဖြစ် သူ၏ဂုဏ်အင်္ဂါနှင့်စပ်ဆိုင်သော အသိပညာကို အာရုံစူးစိုက်သောအားဖြင့် များစွာတိုးတက်ခြင်းလိုအပ်ပါသည်၊ ဤကျေးဇူးပြုသောအခြေအ နေများအောက်၌ တိုးတက်လာသောအချိန်သည် စည်းကမ်းတည်းဟူသော ဖြတ်တောက်သော လက်အတွက်  (အခက်ချိုးဖို့ရန်) အဆင်သင့်ဖြစ်သောအချိန် ဖြစ်သလို ခက်ခဲခြင်းအချို့ကို ကြံကြံခံရန် တတ်စွမ်းနိုင်သော အချိန်လည်းဖြစ်ပါသည်၊ ပြီးလျှင် တဖြည်းဖြည်းဖြင့် စရိုက်လက္ခဏာ၏ သန်စွမ်းခြင်းမှာ တိုးတက်လာသည့်အတိုင်း ၎င်းအတွက် သက်ဆိုင်သော စစ်ကြောခြင်းများသည် သန်စွမ်းခြင်း၊ လှပခြင်းနှင့် အကျိုးကျေးဇူးကို ပိုမိုတိုးတက်ရန် ပြုလုပ်ပေးရုံသာမက  နောက်ဆုံးမပြောင်းလဲထိတိုင်အောင်၊ ကြီးထွားရင့်ကျက်သည့်တိုင်အောင်၊အခြေခိုင်ခံသည့်တိုင်အောင်၊ စုံလင်သည့်တိုင်အောင် ဒုက္ခဆင်းရဲအားဖြင့် ပြုလုပ်ပေးပါသည်၊

## January 21

ထိုအခါ ယေရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည် ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါနောက်သို့လိုက်ရမည်။ (မ ၁၆း၂၄)

သူတို့အကြားမှ ကွဲပြားခြားနားခြင်းတခုကို သတိပြုနိုင်သော်လည်း ကားတိုင်ထမ်းခြင်းမှာ ကိုယ့်ကိုကိုယ် ငြင်းပယ်ခြင်းနှင့် နီးကပ်စွာ ဆက်နွယ်မှုရှိပါသည် ကျွန်ုပ်တို့၏သဘောသဘာဝဆိုင်ရာပြုလုပ်လိုသည့် ခံစားချက်များအတွက် ဆန့်ကျင်ဘက်ရှိမည်ဟု ကျွန်ုပ်တို့တွေ့ရှိကြမည်ဖြစ်သော ကိုယ်ကိုကိုယ် ငြင်းပယ်ခြင်းသည် သခင်ဘုရားအတွက် ဝေဒနာခံသော သဘောရှိသည့် နာခံခြင်းနှင့် ကြံကြံခံသည်းခံခြင်းနှင့်အထူးသဖြင့် ပိုမို ဆက်နွယ်ပြီ။ ကားတိုင်ထမ်းခြင်းသည် သခင်ဘုရား၏အမှုတော်၌ ပြုမူလှုပ်ရှားခြင်းများနှင့်အတူ အထူးသဖြင့် ပိုမိုလုပ်ဆောင်ရန်ရှိပါသည်။ ကိုယ့်ကိုကို ငြင်းပယ်ခြင်း၌ သစ္စာရှိခြင်းသည် ရဲရင့်ခြင်းနှင့်စိတ်အားထက်သန်ခြင်းအတွက်ရည်ရွယ်ပြီး ကားတိုင်ထမ်းခြင်းသည် အောင်မြင်ခြင်းနှင့် အောင်မြင်ကျော်လွှားနိုင်ခြင်းအတွက် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့၏ ကိုယ့်ကိုကိုယ် ငြင်းပယ်ခြင်းသည် အခြားသူများမသိနိုင်သော်လည်း ကျွန်ုပ်တို့၏ နှလုံးသားများထဲ၌ အောင်မြင်ခြင်းများရှိနိုင်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာနှင့်စပ်ဆိုင်သော ပြည့်ဝခြင်းကိုရရှိရန် အလိုဆန္ဒရှိသည်ဆိုလျှင် အခြားသူတို့အနေဖြင့် ဘာမှ သိမည်မဟုတ်ပါ၊ သို့သော်လည်း ကျွန်ုပ်တို့၏ ကားတိုင်ထမ်းခြင်းသည် ကျွန်ုပ်တို့နှင့် နီးကပ်သော ဆက်သွယ်မှု၌ ရှိကြသော သူတို့အားဖြင့် အနည်းဆုံး အတိုင်းအတာပမာဏအချို့အထိ မြင်နိုင်ပါသည်။ အထူးသဖြင့် ဤတူညီသောလမ်းကျဉ်း၌ လျှောက်လျှက်နေကြသောသူတို့အားဖြင့် မြင်နိုင်ပါသည်။

## January 22

ထာဝရဘုရားကို ကိုးစားသော သူအပေါင်းတို့ အားယူ၍ရဲရင့်သောစိတ်နှလုံးရှိကြလော့။ (ဆာ ၃၁း၂၄)

ယင်္ဂပူဇော်ခြင်းနှင့်စပ်ဆိုင်သော လမ်းကျဉ်း၏ စစ်ကြောခြင်းများနှင့် အခက်အခဲများတို့သည် မည်သို့ပင်ဖြစ်စေကာမူ အကျိုးကျေးဇူး (အသုံးဝင်ခြင်း) ရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့အားစဉ်းစားတွေးတောရန်ပြု လုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့အား စိတ်ပျက်ဖို့ရန် စာတန်သည် အချိန်တိုင်းစုံစမ်းနှောက်ယှက်လျက် ကျွန်ုပ်တို့ သည်လည်း အရှုံးပေးကောင်းပေးနိုင်သကဲ့သို့ ဖြစ်ပုံပေါ်လိမ့်မည်ဖြစ်ပါသည်။ ဤကဲ့သို့သော အချိန်ကာလမျိုး၌ မည်ကဲ့သို့သောလမ်းကြောင်းကို ကျွန်ုပ်တို့ လိုက်မည်နည်း။? ကျွန်ုပ်တို့သခင်၏ ပုံသက်သေနောက်သို့ လိုက်သင့်ပါသည်။ ကျွန်ုပ်တို့၏ စိတ်ဝင်စားမှုများသည် သူ၏အလိုတော်နှင့်အတူ မှန်ကန်သည် (သို့) မမှန်ကန်သည်ကို သိရှိရန် လိုလားတောင့်တလျက် ခမည်းတော်၏ မျက်နှာကိုရှာပါ။ လောကမှ ကျွန်ုပ်တို့အား မုန်းလျက် မမှန်ဘဲလျက် ကျွန်ုပ်တို့အား မကောင်းသောအမှုအရာအားဖြင့် ဆန့်ကျင်ပြောဆိုလျက်နေစဉ်တွင် ကျွန်ုပ်တို့၌ ယခုထိတိုင် သူ၏သဘောတူညီထောက်ခံမှုရှိသည်ဟူသော အာမခံချက်အချို့အတွက် လိုလားတောင့်တပါ၊ ထာဝရအသက်သို့ သာ၍ကောင်းမြတ်သော ရှင်ပြန်ထမြောက်ခြင်း၌ အပိုင်းကဏ္ဍာပမာကို ဘုရားသခင်သည် ကျွန်ုပ်တို့အား အပ်နှင်းလိမ်မည်ဖြစ်သော ကျွန်ုပ်တို့နှင့်အတူ ကောင်းစွာရှိလိမ့်မည်ဖြစ်သည့် လန်းဆန်းစေမည် အာမခံချက် အချို့အတွက် လိုလားတောင့်တပါ။

## January 23

ညီအစ်ကိုတို့၊ ခေါ်တော်မူခြင်း ကျေးဇူးကို ခံရသောသူသည် အကြင်အမှုကိုလုပ်နေ၏၊ ထိုသို့ ဘုရားသခင် ရှေ့တော်၌ လုတိုင်းလုပ်နေစေ။ (၁ကော ၇:၂၄)

တာဝန်ဝတ္တရားများသည် အချိန်တိုင်း၌ ဆန့်ကျင်ပုံပေါ်နိုင်ပါသည်၊ သို့သော် သူတို့သည် အမှန်တကယ် ထိုကဲ့သို့ မဆန့်ကျင်ပါ။ ခရစ်ယာန်တဦး၏ ပထမဆုံး တာဝန်မှာ သူ၏လမ်းခရီးအားလုံးတို့၌ သူ၏ ဖန်ဆင်းရှင်နှင့် သခင်ဘုရားကို လိုက်လိုက်လှဲလှဲ အသိအမှတ်ပြုခြင်းဖြစ်ပါသည်၊ အကယ်၍ သူသည် ခင်ပွန်းသည် နှင့် ဖခင်တဦးဖြစ်သည်ဆိုလျှင် သူ၏ ဒုတိယတာဝန်မှာ သူ၏ ဇနီးနှင့် ကလေးများအတွက်ဖြစ်ပါသည်၊ အကယ်၍ သူမသည် ဇနီးသည် နှင့် မိခင်တဦးဖြစ်သည်ဆိုလျှင် သူမ၏ ခင်ပွန်းသည်နှင့်ကလေးများအတွက်ဖြစ်ပါသည်၊ ဘုရားသခင်၏ အစီအမံအားဖြင့် ထိမ်းမြားလက်ထပ်ခြင်း ဆိုင်ရာ သဘောတူစာချုပ်သည် ခင်ပွန်းသည်တို့၏ အချိန်တိုင်းအပေါ်နှင့် ဇနီးသည်တို့၏အချိန်တိုင်းအပေါ်တွင် ပထမအပေါင်စာချုပ်တခုအဖြစ် တည်ရှိပါသည်၊ ထို့ကြောင့် အပြင်လူတို့အတွက် မည်သည့်အမှုအရာကိုမျှ သင့်လျော်စွာ မပြုလုပ်ပေးခင် ဤအပေါင်စာချုပ်၏ တောင်းဆိုမှုများကို ကျိုးကြောင်းစီလျော်စွာ ပြုလုပ်ကြရမည် ဖြစ်ပါသည်၊

## January 24

ဂရုဏာတရားနှင့်သစ္စာတရားကို သင်နှင့်မကွာစေနှင့်၊ ထိုတရားတို့ကို သင်၏လည်ပင်း၌ ဆွဲထားလော့၊ နှလုံး အင်းစာရင်း၌ ရေးသွင်းလော့၊ (သု ၃:၃)

တရားသဖြင့်စီရင်ခြင်းသည် ချစ်ခြင်းမေတ္တာတရားမှ ပထမကြြန်အင်လက္ခဏာတပါးဖြစ်လျက် ရှိနေ သော်လည်း ချစ်ခြင်းမေတ္တာတရား၏ တောင်းဆိုမှုများမှ အဆုံးတော့မဟုတ်ပါ၊ ၎င်းသည်ပြင်းထန်သောတရားစီ ရင်ခြင်း၏အခြားတဘက်သို့သွားလျက်၊ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည် ကရုဏာတရားနှင့်ခွင့်လွှတ်ခြင်း တရားကို ကျင့်သုံးရန် ကျွန်ုပ်တို့အား လှုံ့ဆော်လိမ့်မည်ကို တောင်းဆိုပါသည်၊ ဤကဲ့သို့ ကရုဏာတရားကို ကျင့်သုံးခြင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို တဖန်ကူးယူနေကြပါသည်၊ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်တူကြပြီး ကျဆင်းလျက် မစုံလင်ကြသောသူတို့နှင့်အတူ ကျွန်ုပ်တို့၏ထိတွေ့ဆက်ဆံခြင်း၌ ဤကြြန်အင်လက္ခဏာ ကိုအောက်မေ့သတိရကြရမည်ဖြစ်ပါသည်၊ သူတို့အား တရားသဖြင့်စီရင်ခြင်းမျှသာမက၊ ကျေးဇူးမ ရှိသောသူတို့ကိုပင်လျှင် ကရုဏာ၊ ကောင်းသောစိတ်သဘောနှင့် ကြင်နာမှုရှိလျက် ဤကြြန်အင်လက္ခဏာကို ကျွန်ုပ်တို့သည် အောက်မေ့သတိရကြရမည်ဖြစ်ပါသည်၊ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏ ခမည်းတော်ဘုရားသခင်၏သားသမီးများ ဖြစ်နိုင်မည်ဖြစ်ပါသည်၊

## January 25

ထိုကြောင့် နက်ဖြန်အဘို့ မစိုးရိမ်ကြနှင့်၊ နက်ဖြန်နေ့သည် မိမိအဘို့စိုးရိမ်လိမ့်မည်။ (မ ၆း၃၄)

အကယ်၍ ကျွန်ုပ်တို့၏ နှလုံးသားများ၏ အဓိကအတွေးသည် သူ့ကိုချစ်သောသူတို့အား ဘုရားသခင် ဂတိထားတော်မူသော နိုင်ငံတော်ကိုရရှိခြင်းနှင့် ဖြောင့်မတ်ခြင်းအား တိုးတက်အောင်ပြုလုပ်ခြင်းနှင့် သူ၏အမှုတော်မြတ်အတွက် ဖြစ်သည်ဆိုလျှင် အနာဂတ်နှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများကို ဆောင်ယူဖို့ရန်မလိုတော့ပါ။ သူ၏တပည့်တော်များအဖြစ် တနေ့ပြီးတနေ့ ကျွန်ုပ်တို့တွင် လုံလောက်သောစစ်ကြောခြင်းများနှင့်အခက်အခဲများရှိကြမည်ဖြစ်ပြီး လမ်းကျဉ်းကိုလျှောက်ရန် ကျွန်ုပ်တို့သည် ရှာဖွေကြသည့်အတိုင်း သတို့သား၏ လက်ရုံးတော်အပေါ်တွင် မှီလှဲရန် နေ့စဉ်လိုအပ်မည်ဖြစ်ပါသည်။ မကောင်းမသင့်သောအရာသည် နေ့ရက်တရက်စီတိုင်းအဘို့ လုံလောက်လျက်ရှိပြီး သူ၏ကျေးဇူးတော်သည်လည်း ကျွန်ုပ်တို့အတွက် နေ့စဉ် လုံလောက်လိမ့်မည်ဟူသော ဂတိတော်သည် ကျွန်ုပ်တို့တွင် ရှိကြသည်ကိုလည်း ဘုရားသခင်အား ကျေးဇူးတင်ပါ။

## January 26

သင်တို့သည် အစာရှောင်ခြင်းအကျင့်ကို ကျင့်သောအခါ လျှို့ဝှက်သောသူတို့နည်းတူ မျက်နှာညှိုးငယ်ခြင်းမရှိကြနှင့်။ (မ ၆း၁၆)

အစာရှောင်ခြင်းသည် ဝိညာဉ်ပိုင်းဆိုင်ရာ၌ သူတို့ကိုယ်သူတို့ လိုအပ်လျက်ရှိနေခြင်းကို သူတို့ကိုယ်တိုင်သူတို့ တွေ့ရှိသောအချိန်များ၌သော်၎င်း လောက ဇာတိနှင့် မာနတတို့ထံမှ ပြင်းထန်သော စုံစမ်းနှောက်ယှက် ခြင်းများကို ဖေါ်ထုတ်ပြသသောအချိန်များ၌သော်၎င်း အစာရှောင်ခြင်းသည် သခင်ဘုရား၏လူတို့အတွက် အထူးသဖြင့် သင့်လျော်သောအချိန်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ရုပ်ပိုင်းဆိုင်ရာခွန်အားနှင့်စိတ်ဝင်စားမှုကို ဆင်းရဲစေခြင်းအားဖြင့် (အားနည်းစေခြင်းအားဖြင့်) ဦးတည်ချက်တိုင်း၌ မိမိကိုယ်ကိုထိန်းချုပ်ရန်အတွက် ပြည့်ဝသောဇာတိအသွေးအသားနှင့် စိတ်လိုက်မာန်ပါလုပ်ဆောင်မှုများကို ကူညီနိုင်သောကြောင့် ဖြစ်ပါသည်။ တခါတရံ အစာရှောင်ခြင်းအားဖြင့် (အပြည့်အဝအစာရှောင်ခြင်းမဟုတ်ဘဲ အချိန်ကာလတခုအတွက် အစားအစာကိုရှောင်ခြင်း) ခရစ်ယာန်အများစု၌ အကူအညီဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ သို့သော် လူများတို့ရှေ့၌ ထင်ရှားဖို့ရန်၊ လူများတို့မြင်တွေ့ဖို့ရန် (သို့) ကျွန်ုပ်တို့၏အပိုင်း၌ ဘာသာတရားကိုင်းရှိုင်းခြင်း၏အမှတ်လက္ခဏာများအဖြစ် ကျွန်ုပ်တို့၏ နှလုံးသားများထဲ၌ နာကျင်ထိခိုက်စေသော အစာရှောင်ဆုတောင်းခြင်းသည် အမှန်တကယ် အန္တရာယ်ရှိလိမ့်မည်ဖြစ်ပြီး မိမိကိုယ်ကို ထိန်းချုပ်ခြင်း၏ လမ်း၌ ကျွန်ုပ်တို့အတွက် ပို၍အရေးပါသော သူတို့၏အကျိုးကျေးဇူးများမှ ပို၍ဝေးကွာလိမ့်မည်ဖြစ်သော ဝိညာဉ်ပိုင်းဆိုင်ရာမာနနှင့် လျှို့ဝှက်သောသူ ဟန်ဆောင်သောသူအဖြစ်သို့ ပို့ဆောင်လိမ့်မည်ဖြစ်ပါသည်။

## January 27

၂ နှလုံးသည် အသက်၏အခြေအမြစ် ဖြစ်သောကြောင့်၊ သင်၏နှလုံးကို အထူးသဖြင့် စောင့်ရှောက်လော့။ (သု ၄း၂၃)

မကောင်းသောအရာဖြစ်သည်ဟု အမျိုးမျိုးသောပုံစံများ၌ အပြစ်ကို ကျွန်ုပ်တို့သည် နားလည်ပြီး၊ ၎င်းသည် သခင်ဘုရား၏တားမြစ်မှုအောက်၌ရှိသောကြောင့် ကျွန်ုပ်တို့သည် ၎င်းအားကြိုးစား ဆန့်ကျင်ကြမည်ဟူသောအရာနှင့် မလုံလောက်ပါ။ ဤအရာအပြင် သခင်ဘုရားအားဖြင့် သဘောတူညီမှုမရှိသော ကျွန်ုပ်တို့၏နှလုံးသားများထဲမှတောင့်တမှုတိုင်းကိုလည်းကောင်း၊ ခပ်သိမ်းသောအရာအတွက် အလိုဆန္ဒတိုင်းကိုလည်း ကောင်း၊ ကျွန်ုပ်တို့သည် အမြစ်မှနုတ်ကြရမည်ဖြစ်ပါသည်။ ခရစ်တော်၏နာမအားဖြင့် မှည့်ခေါ်ခဲ့ကြသော များစွာသောသူတို့၏ နှလုံးသားများနှင့် ဘဝအသက်တာများ၌လည်းကောင်း အထူးသဖြင့် အတွေးများ၌လည်းကောင်း၊ ဤအရာသည် မည်မျှလောက် စင်ကြယ်စေခြင်းတခုဖြစ်သည် မဟုတ်ပါလော! ဤအချက်ကို သတိပြုရန် ပျက်ကွက်သော များစွာသောသူတို့သည် စုံစမ်းနှောက်ယှက်ခြင်းများအားဖြင့် အဆက်မပြတ် ဖိစီးနှိပ်စက်မှုခံရခြင်းကို သူတို့ကိုယ်တိုင် တွေ့ရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော် အလွန်ထင်ရှားပေါ်လွင်သော အကျင့်စာရိတ္တ ယိုယွင်းပျက်စီးခြင်းများကိုအပြင်ပိုင်းဆိုင်ရာ ရှောင်ရှားနေစဉ်တွင် သူတို့သည် ပြစ်ဝင်္ကစိရင်ထားတော်မူသော အရာများအတွက် လိုလားတောင့်တစိတ်များကို လျှို့ဝှက်စွာ စိတ်ထဲတွင် ထိန်းသိမ်းထားသောကြောင့်ဖြစ်ပါသည်။ ( သူတို့အားဆီးတားခဲ့ခြင်းမရှိသောကြောင့်သာလျှင် - သူတို့တွင်ရှိနိုင်မည်ဖြစ်သော - လိုလားတောင့်တခြင်း စိတ်ဆန္ဒကိုလျှို့ဝှက်စွာ စိတ်နှလုံးထဲတွင် ထိန်သိမ်း ထားသောကြောင့်ဖြစ်ပါသည်။)

## January 28

အောင်မြင်သောသူသည် ဖြူသောအဝတ်ကို ဝတ်ဆင်လိမ့်မည်၊ ထိုသူ၏နာမကို အသက်စာစောင်မှ ငါသည် အလျှင်းမချေ၊ ငါ့ခမည်းတော်ရှေ့၌၎င်း၊ ကောင်းကင်တမန်တို့ရှေ့၌၎င်း သူ၏နာမကို ငါဝန်ခံမည်။ (ဗျာ ၃း၅)

သစ္စာရှိကြလျက် အောင်မြင်သောသူတို့သည် သူတို့၏ ဝတ်လုံများကို လောကမှ အညစ်အစွန်းများ မစွန်းထင်စေရန် စောင့်ကြည့်လျက် ထိန်းသိမ်းကြပါသည်၊ သူတို့သည် သူတို့၏ဝတ်လုံများကို မညစ်ညမ်းစေ ခဲ့ကြပါ။ သူတို့သည် သူတို့၏ အစွန်းအကွက်မရှိသော ဝတ်လုံများကို လောကမှစောင့်ထိန်းခဲ့ကြပါသည်၊ သူတို့အားညစ်ညမ်းစေပြီး ဘုရားသခင်ထံမှသူတို့အားသီးခြားဖြစ်စေရန်အတွက် အပြစ်ကိုခွင့်ပြုရန် သူတို့သည် အလိုဆန္ဒမရှိခဲ့ကြပါ၊ သို့သော် အညစ်အစွန်းတိုင်းကို ဖယ်ရှားရန် အဘိုးထိုက်တန်သော အသွေးတော်ကို ရယူလျက် လျှင်မြန်စွာ လျှောက်ထားခဲ့ကြပါသည်၊ သူတို့သည် အပြစ်ကို စိတ်ရောကိုယ်ပါ ဆန့်ကျင်လျက် သူတို့အပေါ်တွင် စာတန်သည် ဆက်သွယ်ရန်မဖြစ်နိုင်သော (သို့) စဉ်းလဲသောသူသည် သူတို့အား ဖမ်းဆီးရန် မဖြစ်နိုင်သော ဤအစွန်းအကွက်မရှိသည့် ဝတ်လုံအား စောင့်ထိန်းခြင်းနှင့်ပတ်သက်၍ အလွန်စိတ်အားထက်သန်ကြပါသည်၊ ဤအရာအားလုံးတို့သည် ခရစ်တော်၏အလိုတော်ထဲသို့ သူတို့၏အလိုဆန္ဒများကို အပြည့်အဝအပ်နှံခြင်းတခုကို - ရည်ညွှန်းပါသည်၊ သူတို့သည် သူနှင့်အတူ သေသောသူများဖြစ်ကြပြီး အပြစ်ကိုအလိုဆန္ဒရှိစွာပြုလုပ်ချင်ကြလိမ့်မည်မဟုတ်ပါ၊

## January 29

ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာဖြစ်၏။ (ဆာ ၁၁၁:၁၀)

ဤအရာသည် စကြဝဠာတခုလုံးအား ဖန်ဆင်းပိုင်သအုပ်စိုးတော်မူသော ဘုရားသခင် ကျွန်ုပ်တို့၏ ဖြစ်တည်ခြင်းကို ဖန်တီးသူ၊ ဖန်ဆင်းရှင်ထံသို့ သက်ရှိသတ္တဝါ အပေါင်းထံမှသင့်လျော်သောသဘောထား တခုတည်းသာလျှင်ဖြစ်ပါသည်။ ထိုကြောင့် သူစကားပြောသောအချိန်တွင် ကျွန်ုပ်တို့၏နားများသည် သူ၏ အသံကို ရိုသေစွာအာရုံပြုသင့်ကြပြီး သူ၏အမိန့်တော်ကို လုပ်ဆောင်ရန် နိုးကြားသောအစွမ်းသတ္တိရှိသင့် ကြပါသည်။ ကျွန်ုပ်တို့၏လုံ့လြိုမှု၊ ကျွန်ုပ်တို့၏ပျော်ရွှင်မှုနှင့် သမ္မာတရား၏အသိပညာ၌ တိုးတက်ခြင်းသို့ လည်းကောင်း လပ်ညွန်ခြင်းများကို ဉာဏ်ပညာရှိစွာ ချက်ချင်းသတိပြုလျက်၊ ချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတင်ခြင်းသို့ လည်းကောင်း လှုံ့ဆော်သောစရိုက်လက္ခဏာနှင့်သက်ဆိုင်သော မြင့်မြတ်ခြင်းအားလုံးတို့သည် ဘုရားသခင် အား ကျွန်ုပ်တို့၏အမြင့်မြတ်ဆုံး ရိုသေလေးမြတ်ခြင်းအပေါ်တွင် အဓိကမူတည်ပါသည်။ ထို့ကြောင့် သူ၏ နာမတော်ကြောင့်ဖြစ်သောကြောင့် သားသမီးတိုင်းနှင့်သက်ဆိုင်သောရိုသေ လေးမြတ်ခြင်းကို ကျွန်ုပ်တို့၌ ဘုရားသခင်သည် ဖွံ့ဖြိုးတိုးတက်စေလိုပါသည်။

## January 30

လူတိုင်းသည် အားမလျော့ဘဲ ကြိုးစား၍ ဆုတောင်းရမည်အကြောင်းကို ဥပမာစကားအားဖြင့် မိန့်တော်မူသည်ကား။ (လု ၁၈:၁)

ဘုရားသခင်ထံတော်သို့ ရောက်လာသောအခါ (လာခြင်း၌) သူသည်ပို၍အရေးကြီးသော အခြားအမှုအ ရာများနှင့်အတူ အလွန်အလုပ်ရှုပ်နေသောသူဖြစ်သည် (သို့မဟုတ်) အနည်းငယ်မျှသာ အရေးကြီးသော အရာများနှင့်အတူ အစဉ်မပြတ် သူထံသို့ ကျွန်ုပ်တို့၏လာခြင်းနှင့် ပတ်သက်၍ သူသည် ငြီးငွေ့နေသောသူဖြစ် သည်ဟု စိုးရိမ်ကြောင့်ကြခြင်း ကျွန်ုပ်တို့တွင်ရှိရန်မလိုအပ်ပါ။ သူမ၏ ထပ်ခါတလဲလဲတောင်း လျှောက်ခြင်းကြောင့် သူမ၏ဆုတောင်းသံကိုကြားလျက် အဖြေပေးခြင်းခံရသော၊ အားမလျော့သည့် မုဆိုးမ၏ပုံဥပမာစကားနှင့် ပတ်သက်၍ ကျွန်ုပ်တို့သခင်ပြောဆိုခဲ့သော အကြောင်းအရာသည် ဤအရာကို ဆန့်ကျင်လျက် ကျွန်ုပ်တို့အား အနိုင်အမာပြောဆိုခဲ့ပါသည်။ အချိန်သည် ဘုရားသခင်၏အလုပ် အားလုံးတို့၌အလွန် အရေးကြီးသော အစိတ်အပိုင်းတခုဖြစ်သောကြောင့် မဖြစ်မနေဖြစ်ကြရမည်ဖြစ်သည့်အတိုင်း အဖြေသည် နှောင့်နှေးနေသော အခါတွင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်း (သို့) စိတ်အားထက်သန်ခြင်းနှင့်ပတ်သက်၍ အားမလျော့ခဲ့ကြဘူးဆိုလျှင် ကျွန်ုပ်တို့၏ဆုတောင်းခြင်းများမှာ အဖြေပေးခြင်းခံရလိမ့်မည်ဖြစ်သော ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် ကျွန်ုပ်တို့၏စိတ်အားထက်သန်ခြင်း နှစ်ပါးစလုံးအား ဤကဲ့သို့ပြုမူလုပ်ဆောင်ခြင်း၌ ကျွန်ုပ်တို့သည် ထုတ်ပေါ်ပြသကြပါသည်။

## January 31

နှိမ့်ချလုံကိုရှိသောသူတို့ကို တရားလမ်း၌ သွေးဆောင်တော်မူ၏၊ နှိမ့်ချလျက်ရှိသောသူတို့အား ခရီးတော်တို့ကို သွန်သင်တော်မူ၏၊ (ဆာ ၂၅း၉)

အထက်မှလာသော ပညာကိုလက်ခံရရှိလိုသော သူတို့အတွက် ထိုသို့သောစရိုက်လက္ခဏာတခုကို မဖြစ်မနေလိုအပ်ပါသည်၊ သူတို့သည် သူတို့၏လိုအပ်ချက်များနှင့် ပညာကင်းမဲ့ခြင်းနှင့်စပ်ဆိုင်သော နှိမ့်ချသောအသိအမှတ်ပြုခြင်းတခု သူတို့တွင်ရှိကြရမည်ဖြစ်ပါသည်၊ သို့မဟုတ်လျှင် ပညာကိုလက်ခံရရှိဖို့ရန် နှလုံးသားနှင့်စပ်ဆိုင်သော သဘောထား၌ ရှိကြသောသူတို့အတွက်သာလျှင် ယခုအချိန်ခါ၌ အပ်နှင်းရန် ဘုရားသခင်ကျေးဇူးပြုသော အသိပညာကို လွတ်လပ်စွာ၊ စိတ်နှလုံးအပြည့်အဝဖြင့် လက်ခံရရှိနိုင်ကြမည်မဟုတ်ပါ၊ စိတ်နှလုံးထဲမှ ဤနှိမ့်ချခြင်းသည် စိတ်နှလုံး၏အတွင်းလူအသံအတွက် အခြေခံတခုအဖြစ် မဖြစ်မနေလိုအပ်ပါသည်၊ ပထမဦးစွာ နှိမ့်ချသောစိတ်သဘောတခုမရှိဘဲလျက် မှုတစွာကိုးကြောင်းစီလျော်စွာ တရားသဖြင့် မှန်ကန်စွာစဉ်းစားရန် သင့်လျော်သောအခြေအနေတခု၌ မည်သူရှိနိုင်မည်နည်း၊ နှိမ့်ချခြင်းသည် ခရစ်တော်၏စိတ်သဘော (သို့) ခရစ်တော်၏စရိုက်လက္ခဏာ၌ အဓိကကျသော အရေးပါဆုံးသော အစိတ်အပိုင်းတခုဖြစ်သည်ကို ကျွန်ုပ်တို့သဘောတူကြရမည်ဖြစ်ပါသည်၊